# သာမန်ကာလ (၂၉)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်လုကာ ၁၈း ၁ - ၈

ယနေ့ဟာ အသင်းတော်က သတ်မှတ်ထားတဲ့ သာသနာပြုတနင်္ဂနွေနေ့ ဖြစ်ပါတယ်။ သာသနာပြုတယ်ဆိုတာ ယေဇူးဘုရားရှင် ဟောကြားတော်မူတဲ့ ဧဝံဂေလိသတင်းကောင်းကို ဟောပြောသက်သေခံကြဖို့ ဖြစ်ပါတယ်။ ယနေ့ခေတ် ဧဝံဂေလိသတင်းကောင်းနဲ့ ဆန့်ကျင်ဘက် အမျိုးမျိုးတွေရဲ့ရန်ကနေ ကာကွယ်ပေးဖို့ လိုအပ်နေပါပြီ။ အမှန်တရားကို မှေးမှိန်ပျက်စီးစေမည့်ရန် ကနေ ကာကွယ်ပေးစရာလိုတယ်။ မတရားမမျှတတာတွေ မဖြစ်အောင် ကာကွယ်ပေးစရာလိုတယ်။ ဆင်းရဲမွဲတေမှုတွေ မဖြစ်အောင်၊ ခွဲခြားဆက်ဆံမှုတွေ မရှိအောင် ကာကွယ်ပေးစရာလိုတယ်။ အကြမ်းဖက် ရက်စက်မှုတွေမှ ကာကွယ်ပေးစရာ လိုတယ်။ ငြိမ်းချမ်းဖို့ လုပ်ဆောင်ပေးစရာ လိုပါတယ်။ ဒါတွေကို ပြုလုပ်နေခြင်းဟာ သာသနာပြုနေတာပါ။

အဲလို သာသနာပြုနေရာမှာ အရေးကြီးဆုံးကတော့ ဆုတောင်းမေတ္တာပါပဲ။ ဒါကြောင့် ယေဇူးဘုရားရှင် မိန့်တော်တာက “လုပ်ဆောင်သောသူတို့ကို လယ်ကွင်းပြင်သို့ စေလွှတ်တော်မူပါမည့်အကြောင်း လယ်ခင်းရှင်ထံ တောင်းလျှောက်ကြလော့” တဲ့။ ဆုတောင်းမှ ဝိညာဏ်တော်ရဲ့ လှုံ့ဆော်မှု ခံစားရပြီး ခွန်အားရှိရှိ ဝမ်းမြောက်ဝမ်းသာ သာသနာပြုနိုင်ပါလိမ့်မယ်။

ယနေ့ဖတ်ရတဲ့ ပထမကျမ်း ထွက်မြောက်ရာကျမ်းမှာ မိုးဇယ်က ယောရှုဝါးကို လူတွေ စုရုံးစေပြီး ရန်သူတွေကို တိုက်ခိုက်ဖို့ အမိန့်ပေးပါတယ်။ ယနေ့ခေတ်မှာတော့ ဘုရားအတွက် စုရုံးဖို့ တော်တော်ခက်ပါတယ်။ လောကဆန်လာကြပြီ၊ ဘုရားပျောက်နေပြီ။ ဘာသာကွဲနောက် လိုက်သွားပြီ။ မိသားစုတွေလည်း ကွဲသွားပြီ။ ဘုရားကိုလည်း စိတ်မဝင်စားတော့ဘူး။ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ပဲ အလုပ်ရှုပ်နေပြီ။ အော် ကိုယ့်ဝိညာဉ်ရေးအတွက် လူစုရုံးဖို့ မလွယ်တော့ဘူး။

လက်ရှိရဟန်းမင်းကြီး လေအိုကလည်း သာသနာပြုတနင်္ဂနွေအတွက် မှာကြားထားတာက “လူအများစုက စိတ်အားငယ်နေကြရပြီ။ မမျှော်လင့်နိုင်ကြတော့ပဲ စိတ်ဓါတ်ကျနေကြပြီ။ ဒါကြောင့် လူတွေအားလုံး မျှော်လင့်ချက်တွေ မပျောက်ဆုံးစေဖို့ ၊ အခက်အခဲဒုက္ခအမျိုးမျိုးမှ ကယ်တင်ပေးနိုင်ဖို့ သာသနာပြုလုပ်ငန်းကို ပိုမိုလုပ်ဆောင်ဖို့” အားပေးမိန့်ကြားထားပါတယ်။

ယောရှုဝါးက အီဇရာအဲလ်လူတွေကို ဦးဆောင်ပြီး စစ်တိုက်နေတဲ့အချိန်မှာ မိုးဇယ်က အာရုန်နဲ့ ဟူရတို့ကို ခေါ်ပြီး တောင်ထိပ်ကနေ တိုက်ပွဲနိုင်ဖို့ ဆုတောင်းပေးနေပါတယ်။ မိုးဇယ်က သူ့လက်ကို မြှောက်ပြီး ဆုတောင်းပေးနေချိန်မှာ အီဇရာအဲလ်လူမျိုးတွေက စစ်ပွဲမှာ အသာစီးရပြီး နိုင်နေပါတယ်။ ဒါပေမဲ့ မိုးဇယ်က ဆုတောင်းရတာကြာလို့ လက်ညောင်းပြီး ဆုတောင်းတာကို ရပ်လိုက်တဲ့အခါမှာတော့ အီဇရာအဲလ်လူမျိုးတွေက စစ်ပွဲမှာ ရှုံးလာပြန်တယ်။ ဒါကြောင့် မိုးဇယ်က အရပ်မစဲ ဆုတောင်းမှဖြစ်တော့မယ်ဆိုတာ သိပြီး လက်မညောင်းအောင် သူ့ဘေးမှာ အာရုန်နဲ့ ဟူရတို့က တစ်ဘက်စီကနေ မိုးဇယ်ရဲ့လက်ကို ဝိုင်းမ ပေးထားကြပါတယ်။

ဘာသာသူတို့ ဒီအဖြစ်အပျက်ကို ကြည့်ခြင်းအားဖြင့် ဘုရားထံဆုတောင်းမှ စစ်ပွဲနိုင်ရတာပါ။

ယောရှုဝါးတို့က ဘယ်လောက်ပဲ ကျိုးစားပြီး တိုက်ပွဲဝင်နေပါစေ မိုးဇယ် ဆုတောင်းပေးမှ စစ်ပွဲက နိုင်မှာပါပဲ။ ဒါကြောင့် စစ်ပွဲ နိုင်/မနိုင်က ဆုတောင်းမေတ္တာအပေါ် မှာ မူတည်နေတယ်။ တော်လှန်ရေး နိုင်မလား/ မနိုင်ဘူးလား ဆိုတာက ခင်ဗျားဆုတောင်းပေးတဲ့အပေါ် မှာ မူတည်နေတယ်။ ကိုယ်တိုင် လူ့အစွမ်းအစနဲ့တော့ မလုံလောက်ဘူးဆိုတာ သေချာတယ်။ အီဇရာအဲလ်လူမျိုးတွေ စစ်ပွဲအောင်မြင်တာက မိုးဇယ် ဆုတောင်းပေးလို့ဆိုတာကို သင်ခန်းစာပေးနေပါတယ်။

ယနေ့ သာသနာပြုလုပ်ငန်းမှာလည်း တက်တက်ကြွကြွ လုပ်နေတဲ့သူတွေကိုလည်း ဆုတောင်းဖို့ လိုကြောင်း သတိပေးနေတယ်။ သာသနာပြုဖို့ ကျမ်းစာတွေအများကြီးတတ်ကျွမ်းတဲ့ နိုင်ငံခြားပြန်ဘုန်းကြီးတွေကိုလည်း သိပေးနေပါတယ်။ ငါတို့ သာသနာပြုရာမှာ အောင်မြင်စေတာက ငါတို့ သင်လာတဲ့ပညာကြောင့် မဟုတ်ဘူး၊ ဆုတောင်းမှ အောင်မြင်နိုင်မှာဆိုတာ သတိပေးနေတယ်။ ဘုရား မပါပဲ သာသနာကို ဦးဆောင်မနေနဲ့ မအောင်မြင်နိုင်ဘူး။ ဘုရားထံ မဆုတောင်းပဲ ကိုယ့်အိမ်ထောင်ကို မဦးဆောင်နိုင်ဘူး - အိမ်ထောင်ဦးစီးတို့။ ဘုရားထံ မဆုတောင်းပဲ ကိုယ့်ဘဝကို မလျှောက်လှမ်းနိုင်ဘူး။ ဘာလို့လည်းဆိုတော့ အဲလိုဆုတောင်းနေချိန်မှပဲ ဝိညာဉ်တော်ဘုရားက လမ်းညွှန်တာကိုး၊ အဲလိုဆုတောင်းနေချိန်မှပဲ ဝိညာဉ်တော်ဘုရားက သင့်ကို ခွန်အား ပေးတာကိုး။

ဒါကြောင့် သင်က ဆုတောင်းပေးရင် တိုက်ပွဲနိုင်မယ်။ သင်က ဆုတောင်းမပေးရင် တိုက်ပွဲရှုံးမယ်။ ဒါကြောင့် ကျမ်းစာထဲမှာ ရာဇဝင်ချုပ် ဒုတိယစောင် ၂၀း၁၅ မှာ ထာဝရဘုရား မိန့်တော်မူတာက "တိုက်ပွဲက မင့်ဟာ မဟုတ်ဘူး၊ ငါ့ဟာ" တဲ့ ။ ဘုရားသခင် ဆိုလိုတာက "တိုက်ပွဲက သင့်ကိစ္စ မဟုတ်ဘူး၊ ငါ့ကိစ္စ" တဲ့ ငါရှင်းမယ် တဲ့။ ဒါကြောင့် ဘုရားကို အားကိုးပါ။ သင် အနိုင်ရပါလိမ့်မယ်။

ဒါကြောင့် ယနေ့ ဆာလံကျမ်းမှာလည်း "ငါတို့အတွက် ကူညီစောင်မခြင်းသည် ဘုရားသခင်ထံမှ လာ၏ " တဲ့။

ဘယ်လို သာသနာပြုရမလဲ။ ယနေ့ ဒုတိယကျမ်း ရှင်ပေါလူးက တီမောတေထံ ရေးထားသလိုပေါ့ "ချစ်သား၊ သင်ကိုယ်တိုင် သင်ယူ၍ စွဲမြဲစွာ ယုံကြည်ခဲ့သည့်အရာကို စောင့်ထိန်းပါ၊ ဟောပြောပေးပါ။" တဲ့ ။ သင်ယူထားတဲ့အတိုင်း၊ ကျမ်းစာအတိုင်း ဟောပြောသက်သေခံပါ။ ဘာလို့လဲဆိုတော့ ကျမ်းစာက ဝိညာဉ်တော်ဘုရားရဲ့ လှုံ့ဆော်ချက်အတိုင်း ရေးထားလို့ ဟောပြောသွန်သင်ရာမှာ အသုံးချပါ။ အမှားကို ပြင်ပေးဖို့ ဖြောင့်မတ်ခြင်း၌ လမ်းညွှန်ပေးဖို့ ကျမ်းစာကို သုံးရမယ်တဲ့။ ယနေ့ ကျမ်းစာကို မသုံးပဲ ကိုယ့်အာဘော်နဲ့ ဟောပြောနေတဲ့သူတွေ သတိထားကြပါ။ တခြား စာအုပ်စာပေတွေကနေ ဖတ်ပြီး ဟောပြောမည့်အစား တန်ခိုးပါတဲ့ ကျမ်းစာကို သုံးပါ၊ အဲဒီအတိုင်း ဟောပြောပါ။ ဝိညာဉ်ရေးမှာ ဆာငတ်နေတဲ့ ဘာသာသူတွေကို သနားကြပါ။ သူတို့က ခွန်အားရချင်နေကြတယ်။ "အချိန်အခါ သင်သည်ဖြစ်စေ၊ မသင့်သည်ဖြစ်စေ ဟောပြောပါ" တဲ့။ မရေမရာ မဟောပြောပါနဲ့။ မလျှော့သောဇွဲနဲ့ ဟောပြောပါ၊ ရှင်းလင်းစွာ ထုတ်ဖော်ပြသပါ တဲ့။ လောကရေစီးကြောင်းအတိုင်း ရေလိုက်ငါးလိုက် မနေပါနဲ့။ နောက်ပြီး ဟောပြောရာမှ သည်းခံစိတ်ရှည်စရာ လိုတယ်။ သင့်ဟောပြောချက်က သာယာနာပျော်ဖွယ်ကောင်းရမယ်။ သူတို့က လက်မခံငြင်းဆန်ခဲ့ရင်တောင် ကိုယ့်ဘက်က သူတို့အတွက် ချိုသာတဲ့စကား၊ အားတက်မည့်စကား

အပြုသဘောဆောင်တဲ့စကားကိုသာ ပြောပါ။ ဒါမှ သာသနာပြုရာရောက်မှာပါ။

နောက်ပြီး အဲလိုဆုတောင်းရာမှာ တစ်ဦးတစ်ယောက်ထဲ ဆုတောင်းတာထက် အများနဲ့ တစ်စိတ်တစ်သဘောတည်း ထားပြီး စုပေါင်းဆုတောင်းတာက ပိုပြီး ထိရောက်ပါတယ်။ မိုးဇယ် ဆုတောင်းတုံးက အာရုန်နဲ့ ဟူရတို့က ဝိုင်းကူဆုတောင်းကြသလို သူတစ်ပါးတွေကိုလည်း ဝိုင်းဆုတောင်းပေးကြဖို့ လှုံ့ဆော်အားပေးပါ။

ယနေ့ဖတ်ရတဲ့ ဧဝံဂေလိကျမ်း ရှင်လုကာ ၁၈ ထဲမှာ မတရားတဲ့တရားသူကြီး၊ သူက ဘုရားလည်း မကြောက်၊ လူတွေပြောမှာကိုလည်း ဂရုမစိုက်တဲ့ တရားသူကြီးကို မုဆိုးမက နေ့တိုင်မးလာပြီး တရားမျှတဖို့ လာတောင်းဆိုပါတယ်။ ဒီလောက်တောင် ဘယ်သူ့မှ ဂရုမစိုက်တဲ့ တရားသူကြီးကတောင်ါ နောက်ဆုံးတော့ ဒီမုဆိုးမရဲ့ နေ့တိုင်း လာလာတောင်းဆိုနေလို့ သူ့အမှုကို တရားမျှတစွာ စီရင်ပေးလိုက်ရသတဲ့။ ဘာသာသူတို့ သင်တို့ မတရားခံနေရတာကို ဘုရားဆီမှာ တိုင်ကြားကြလေ။ ဘာ့လို့ ငြိမ်ခံနေကြတာလဲ။ ဘာလဲ၊ ဘုရားကို မယုံလို့လား။ အခု ဘုရားက သူ့ကို စိတ်ချဖို့ မိန့်တော်မူနေတယ်လေ “မတရားသော တရားသူကြီးသည် မည်သို့ ပြောဆိုသည်ကို ကြားနာမှတ်သားကြလော့. ဘုရားသခင်သည်လည်း မိမိရွေးကောက်ထားသောသူတို့ နေ့ညမတြ် တောင်းလျှောက်နေတာကို လစ်လျူရှုထားပါ့မလား” တဲ့။ ဆိုလိုတာက မတရားတဲ့တရားသူကြီးကတောင် မုဆိုးမက တောင်းဆိုတာကို လက်ခံပြီး အမြန်စီရင်ပေးလိုက်ရသလို ငါဘုရားက တရားပါတယ်ကွာ၊ သင်တို့ ဆုတောင်းတာကို မပေးပဲ နေပါ့မလား၊ မစီရင်ပဲ ပစ်ထားပါ့မလား တဲ့။

ဘာသာသူတို့ တိုက်ပွဲက သင့်ဟာ မဟုတ်ဘူး။ ဘုရားဟာ တဲ့။ ဒါကြောင့် တော်လှန်ရေး နိုင်/မနိုင်ဆိုတာ သင့် ဆုတောင်းမေတ္တာအပေါ်မှာ မူတည်နေတယ်။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။